# သတင်းပို့ပုံစံဖြည့်စွက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်

ဤလမ်းညွှန်ချက်သည် အိမ်ခြံမြေအကျိုးဆောင်များအတွက် မရွှေ့ပြောင်းနိုင်သောပစ္စည်း လွှဲပြောင်းဆောင်ရွက်မှု သတင်းပို့ပုံစံ ဖြည့်စွက်ရာတွင် အထောက်အကူဖြစ်စေရန် ဖြစ်ပါသည်။

၁။ **သတင်းပေးပို့မှုအမှတ်စဉ်/ရက်စွဲ။** ဤအချက်အလက်အား ဖြည့်စွက်ရာတွင် သတင်းပို့ပုံစံအား ဖြည့်စွက်ပေးပို့သည့် အိမ်ခြံမြေအကျိုးဆောင်နှင့် အကျိုးဆောင်လုပ်ငန်းများသည် မိမိပေးပို့သည့် အမှတ်စဉ်ကို ကိုယ်တိုင်သတ်မှတ်ပေးပို့ရန်ဖြစ်ပါသည်။ ဥပမာအားဖြင့် **A**sia **M**yanmar **Y**adanar Co.ltd မှ ပထမဦးဆုံး နံပါတ်(၁) သတင်းပို့ချက်အား ၃-၁၂-၂၀၂၂ ရက်နေ့တွင် ပေးပို့ခြင်းဖြစ်ပါက 0001/03-12-2022/AMY ဟု သတ်မှတ်ပေးပို့ရန်ဖြစ်ပါသည်။ ယင်းသို့သတ်မှတ်ရာတွင် သတင်းပို့ချက် အမှတ်စဉ်အား “0000” ဂဏန်း (၄)လုံးဖြင့် လည်းကောင်း၊ သတင်းပေးပို့သည့်ရက်စွဲအား “DD-MM-YYYY” Format ဖြင့် လည်းကောင်း၊ လူပုဂ္ဂိုလ်/ ကုမ္ပဏီ/အဖွဲ့အစည်း၏ အမည်အတိုကောက်အား “XXX” အင်္ဂလိပ်အက္ခရာ (၃)လုံးဖြင့်လည်းကောင်း ဖော်ပြ၍ “**သတင်းပို့ချက်အမှတ်စဉ်/ရက်စွဲ/အမည်အတိုကောက်**”ပုံစံဖြင့် သတ်မှတ်ဖော်ပြပေးရန် ဖြစ်ပါသည်။

၂။ **မှတ်ပုံတင်စာအုပ်တွင်ရေးသွင်းသည့် အမှတ်စဉ်/ရက်စွဲ**။ ဤအချက်အလက်အား ဖြည့်စွက်ရန် အတွက် အိမ်ခြံမြေအကျိုးဆောင်နှင့် အကျိုးဆောင်လုပ်ငန်းများသည် အိမ်ခြံမြေ ဝယ်ယူ/ရောင်းချ/ ငှားရမ်း/လှူဒါန်း/ပေးကမ်းခြင်းများ အပါအဝင် မိမိဝန်ဆောင်မှု ပြုလုပ်ပေးခဲ့သည့် ဆောင်ရွက်မှု တစ်ခုချင်းစီအလိုက် မှတ်ပုံတင်စာအုပ်ဖြင့် စနစ်တကျမှတ်တမ်းတင် ထိန်းသိမ်းထားရမည်ဖြစ်ပြီး ယင်းတို့အနက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေအရ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေး အဖွဲ့သို့ သတင်းပေးပို့ရန် လိုအပ်သည့် ဆောင်ရွက်မှုများအား သတင်းပေးပို့ရာတွင် ယင်းဆောင်ရွက်မှု အတွက် မှတ်ပုံတင်စာအုပ်တွင် စာရင်းသွင်းခဲ့သည့်အမှတ်စဉ်နှင့် ရက်စွဲအား ဖော်ပြပေးရန်ဖြစ် ပါသည်။

၃။ **ဝယ်ယူ/ရောင်းချမှု (ပစ္စည်းအမျိုးအစား၊ အတိုင်းအတာ/အကျယ်အဝန်း၊ တည်နေရာ၊ အရောင်း အဝယ်စတင်ပြုလုပ်သည့်ရက်စွဲ)**။ ဝယ်ယူ/ရောင်းချ/ငှားရမ်း/လှူဒါန်း/ပေးကမ်းသည့် အိမ်ခြံမြေ တိုက်တာအဆောက်အဦအား ဖော်ပြရန်ဖြစ်ပါသည်။ ဝယ်ယူ/ရောင်းချမှု တစ်ခုထက် ပိုပါက သတင်းပို့ပုံစံတွင် စုစုပေါင်းအား ဖော်ပြ၍ နောက်ဆက်တွဲစာရွက်ဖြင့် အသေးစိတ်အချက် အလက်များအား ဖော်ပြပေးရန် ဖြစ်ပါသည်။ ဥပမာ ဘိုးဘွားပိုင်မြေကွက် (၅)ကွက် ဝယ်ယူခြင်း၊ စုစုပေါင်း (၇)ဧက၊ ဦးပိုင်အမှတ်၊ အကွက်အမှတ်၊ မြို့နယ် စသည်ဖြင့် ဝယ်ယူရောင်းချမှုပြုလုပ်သည့် အိမ်ခြံမြေအဆောက်အဦ၏ တည်နေရာနှင့် ဝယ်ယူရောင်းချမှု စတင်ပြုလုပ်သည့် ရက်စွဲတို့ကိုဖော်ပြ ပေးရန် ဖြစ်ပါသည်။ တစ်လုံးတစ်ခဲတည်းဖြင့် အရောင်းအဝယ်ပြုလုပ်ပါက အရောင်းအဝယ်ပြုလုပ် သည့်/စာချုပ်ချုပ်ဆိုသည့် ရက်စွဲကို လည်းကောင်း၊ စရန်ငွေပေးချေခြင်း(သို့မဟုတ်) ငွေကြေးအလီလီ

ခွဲ၍ ပေးချေခြင်းဖြစ်ပါက ကနဦး ငွေပေးချေခြင်းပြုလုပ်သည့် ရက်စွဲကိုလည်းကောင်း ဖော်ပြရန် ဖြစ်ပါသည်။

၄။ **တန်ဖိုး (မြန်မာကျပ်ငွေ/နိုင်ငံခြားငွေကြေး)**။ ဝယ်ယူသည့် သို့မဟုတ် ရောင်းချသည့် တန်ဖိုးကို ဝယ်ယူရောင်းချမှုပြုလုပ်သည့် ငွေကြေးအမျိုးအစား (ကျပ်၊ အမေရိကန်ဒေါ်လာ၊ ယွမ်၊ ယူရို) စသည် ဖြင့်တွဲ၍ ဖော်ပြရန်ဖြစ်ပါသည်။ ဆောင်ရွက်မှုတစ်ခုထက် ပိုပါက စုစုပေါင်းတန်ဖိုးအား ဖော်ပြ၍ နောက်ဆက်တွဲဖြင့် အသေးစိတ်အချက်အလက်များအား ဖော်ပြရန်ဖြစ်ပါသည်။

၅။ **ငွေပေးချေသည့်နည်းလမ်း (ငွေသား/ချက်လက်မှတ်စသည်ဖြင့်)**။ ဝယ်ယူ/ရောင်းချခြင်း အတွက် ငွေပေးချေသည့် နည်းလမ်းကို ရွေးချယ်ဖော်ပြရန်ဖြစ်ပါသည်။ ငွေပေးချေရာတွင် နည်းလမ်း ပေါင်းစုံ ပါဝင်လာပါကလည်း ၎င်းနည်းလမ်းများနှင့် ပမာဏတို့ကို ဖော်ပြပေးရန်ဖြစ်ပါသည်။ ဥပမာ အားဖြင့် ငွေသားဖြင့် သိန်းတစ်သောင်း၊ ချက်လက်မှတ်ဖြင့် သိန်းတစ်ထောင်၊ Wire Transfer ဖြင့် သိန်းခြောက်ထောင်၊ ပစ္စည်းချင်းဖလှယ်မှုဖြင့် သိန်းရှစ်ထောင် စသည်ဖြင့် ဝယ်ယူ/ရောင်းချမှု တစ်ခုအတွက် ပြုလုပ်သမျှသော ငွေပေးချေမှု နည်းလမ်းများအားလုံးကို ပမာဏများနှင့် အတူတွဲ၍ ဖော်ပြပေးရန် ဖြစ်ပါသည်။ ဘဏ်စနစ်မှတစ်ဆင့် ပေးချေမှုများပါဝင်ပါက အသုံးပြုသည့် ဘဏ်နှင့် ငွေစာရင်းတို့ကို ထည့်သွင်းဖော်ပြပေးရန်ဖြစ်ပါသည်။

၆။ **ဝယ်ယူသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖုန်းအမှတ်၊ အလုပ်အကိုင်၊ လိပ်စာ**။ အမှတ်စဉ်(၆)တွင် ဝယ်ယူ/ငှားရမ်း/လွှဲပြောင်းမှုခံယူ/လှူဒါန်းမှုရယူသူ၏ အချက်အလက်များကို လည်းကောင်း၊ အမှတ်စဉ်(၇)တွင် ရောင်းချ/ငှားရမ်းပေး/လွှဲပြောင်းပေး/လှူဒါန်းပေးသူ၏ အချက် အလက်များကိုလည်းကောင်း ဖြည့်စွက်ပေးရန်ဖြစ်ပါသည်။ ဝယ်ယူ/ရောင်းချသူသည် တစ်ဦး ထက် ပိုပါက ၎င်းတို့အားလုံး၏ အချက်အလက်များနှင့် ဓာတ်ပုံကိုလည်းကောင်း၊ ကုမ္ပဏီ/ အဖွဲ့အစည်းဖြစ်ပါက ယင်း၏ အမည်၊ ကုမ္ပဏီ/အသင်းအဖွဲ့ မှတ်ပုံတင်အမှတ်၊ လုပ်ငန်းအမျိုး အစား၊ ဖုန်းနံပါတ်၊ အီးမေးလ်၊ လိပ်စာ စသည့်အချက်အလက်များကိုလည်းကောင်း ဖော်ပြရန်ဖြစ် ပါသည်။

၇။ **သတင်းပေးပို့သည့်အကြောင်းအရင်း**။ သတင်းပို့ချက်များ ပေးပို့ရာတွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရန် သတ်မှတ် ထားသည့်ပမာဏထက် ကျော်လွန်ကြောင်း တွေ့ရှိ၍ သတင်းပေးပို့ခြင်းဖြစ်ပါက "သတ်မှတ်ပမာဏထက် ကျော်လွန်၍ သတင်းပို့ခြင်း"ဟူသော အချက်တွင်လည်းကောင်း၊ သံသယဖြစ်ဖွယ်အချက်အလက် များ တွေ့ရှိရ၍ သတင်းပေးပို့ခြင်းဖြစ်ပါက "သံသယဖြစ်၍ ပေးပို့ခြင်း" ဟူသောအချက်တွင် လည်းကောင်း အမှန်ခြစ်ဖြင့် ဖော်ပြရန်ဖြစ်ပါသည်။ သတင်းပို့ရန် သတ်မှတ်ထားသည့်ပမာဏ

ဆိုသည်မှာ မြန်မာကျပ်ငွေ ဖြစ်ပါက ကျပ်သိန်းတစ်ထောင်နှင့်အထက်၊ နိုင်ငံခြားသုံးငွေဖြစ်ပါက အမေရိကန်ဒေါ်လာ တစ်သောင်းနှင့်အထက် သို့မဟုတ် ယင်းနှင့်ညီမျှသည့် အခြားငွေကြေးများကို ဆိုလိုခြင်းဖြစ်ပါသည်။ သတ်မှတ်ပမာဏထက် ကျော်လွန်ခြင်းအား သတင်းပေးပို့ရာတွင် တစ်ကြိမ်တည်းဆောင်ရွက်မှုအားလည်းကောင်း၊ တစ်ဆက်တည်းဆောင်ရွက်သည့် ပြုလုပ်မှုများအတွက် သတ်မှတ်ပမာဏ ကျော်လွန်ခြင်းအားလည်းကောင်း သတင်းပေးပို့ရမည်ဖြစ်ပါသည်။ ထို့ပြင် သံသယဖြစ်ဖွယ်အချက်အလက် တွေ့ရှိ၍ သတင်းပို့ဖြစ်ဖြစ်ပါက ယင်းသို့သံသယဖြစ်ရသည့် အကြောင်းအရင်းအား ပြည့်စုံစွာရှင်းလင်းဖော်ပြရန် ဖြစ်ပါသည်။ ထိုသို့ ဖော်ပြရာတွင် စာကြောင်းတစ်ကြောင်းတည်းဖြင့် လုံလောက်မှုမရှိပါက သတင်းပို့ပုံစံတွင် အနှစ်ချုပ်ဖော်ပြ၍ သီးခြားစာရွက်တွင် အကြောင်းရင်းကို ပြည့်စုံစွာရေးသားပြီး သတင်းပို့ပုံစံနှင့်အတူ ပူးတွဲပေးပို့ရန်ဖြစ်ပါသည်။

၈။ **အခြားသက်ဆိုင်သည့် အချက်အလက်များရှိပါက ပူးတွဲပေးပို့ရန်**။ သတင်းပေးပို့ခြင်းနှင့် စပ်လျဉ်း၍ သတင်းပို့အဖွဲ့အစည်းမှ ရရှိထားသည့် အချက်အလက် အထောက်အထားများ၊ သတင်းပို့ခြင်းခံရသူများနှင့်ပတ်သက်သည့် စာရွက်စာတမ်းအထောက်အထားများ ရှိပါက ပူးတွဲပေးပို့ရန် ဖြစ်ပါ သည်။

၉။ မည်သူမည်ဝါက သတင်းပေးပို့ခြင်းဖြစ်ကြောင်း သိရှိနိုင်ရန်အတွက် ဤပုံစံအား ဖြည့်စွက်ပေးပို့သူ၏ အချက်အလက်များအား ဖြည့်စွက်ပေးပို့ရန် ဖြစ်ပါသည်။ သတင်းပေးပို့ရာတွင် လွယ်ကူလျင်မြန်စေရန်အတွက် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ E-mail လိပ်စာဖြစ်သည့် reporting@myanmarfiu.com သို့လည်းကောင်း၊ Viber မှ ပေးပို့လိုသူများအတွက် MFIU Viber ဖုန်းအမှတ် +95-9-408866899 သို့လည်းကောင်း ပေးပို့နိုင်ပြီး ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ သတင်းပို့ချက်လက်ခံရရှိကြောင်း ပြန်ကြားပေးသွားမည်ဖြစ်ပါသည်။

၁၀။ သတင်းပေးပို့ခြင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါကလည်းကောင်း၊ သတင်းပို့ပုံစံ ဖြည့်စွက်ရာတွင် အခက်အခဲများရှိပါကလည်းကောင်း၊ သတင်းပို့ချက်လက်ခံရရှိကြောင်း ပြန်ကြားချက် မရရှိပါကလည်းကောင်း ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ဖုန်းနံပါတ် 09-408866899 သို့ ဆက်သွယ်မေးမြန်းရန်ဖြစ်ပါသည်။ ထို့အပြင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ သတင်းပို့ပုံစံများ၊ သတင်းပေးပို့ရန် နည်းလမ်းများနှင့်ပတ်သက်၍ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အင်တာနက်စာမျက်နှာဖြစ်သည့် www.mfiu.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။